Father's Day Special

Volume 3 / Issue 6 / June / 2010
Enjoy free reading from B.C.F

# † Newsletter _ သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

++++++++++++++++++++++++++++++++++++

### ခံစားရ ဆုကျေးဇူး မင်္ဂလာ

++++++++++++++++++++++++++++++++++++

'ဖခင်'တိုင်းသည် ဂုဏ်ပြုထိုက်သူများ ဖြစ်သည်။
အိမ်ထောင်သည်ယောကျာ်းတိုင်းလည်း 'ဖခင်'မဟုတ်ပါ။
'ဖခင်'တည်းဟူသော ဂုဏ်ပုဒ်ကို ဖန်ဆင်းရှင် ကိုယ်တိုင် သိမှတ်၍ ချီးမြှောက်ထားပါသည်။
ထိုသို့ ချီးမြှောက်ခံရသောဆုမှာ 'သားသမီးရတနာ'ပင် ဖြစ်သည်။
ဘုရားရှင် တည်ဆောက်သော အိမ်ထောင်၌၊ ထာဝရဘုရားကို ကြောက်ရွံ့၍၊
လမ်းခရီးတော်သို့ လိုက်သွားသမျှသော 'ဖခင်'တို့သည် မင်္ဂလာရှိကြသည့်အပြင်၊
အောက်ဖေါ်ပါ အခွင့်အရေး များကိုလည်း ခံစားခွင့်ရှိသည်။

- ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ ၏။
- အသက်ပျိုစဉ်၊ ဘွားမြင်သော သားသမီးတို့သည် စစ်သူရဲလက်၌ ရှိသော မြှားကဲ့သို့ ဖြစ်ကြ၏။
- မိမိမြှားတောင့်ကို သူတို့ နှင့် ပြည့်စေသောသူသည် မင်္ဂလာရှိ၏။
- သူတို့သည် ရန်သူတို့ကို တံခါးဝမှ ဆီးတားကြ၍၊ အောင်နိုင်သဖြင့် ရှက်ကြောက်ခြင်း၊ မျက်နှာပျက်ခြင်း မရှိရပါ။
- မိမိ သားသမီးတို့၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။ ဆာ၁၂၇၊ ၁၂၈

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# ခိုင်မြဲတဲ့လက် – အဖေများနေ့အတွက်အမှတ်တရခွန်အား

ငယ်ငယ်က အကြောင်းလေးတွေ ... မှတ်မိနေဆဲပါ။

ဖေဖေ့ ပုခုံးပေါ်မှာ သားကိုထမ်းပြီး လျှောက်လည်တော့၊ ပထမ သားကကြောက်ကြောက်နဲ့ ငြိမ်နေပေမဲ့၊ နောက်တော့ ဖေဖေက သားကို ပြုတ်ကျ မသွားအောင် မြဲမြဲကိုင်ထားမှန်း သိရတော့ ရဲတင်းလာတယ်။ မေမေကလည်း သားအတွက် စိုးရိမ်ပြီး အနားကမခွါ တဖွဖွနဲ့ သတိပေးနေတယ်။ ဖေဖေနဲ့အတူတူ လျှောက်လည်ရတော့ ပျော်လာတယ်။ သားကငယ်သေးလို့ အလှမ်းမမှီတာတွေ မမြင်ရနိုင်ဘူး။ ဖေဖေ့ပုခုံးထက်ကဆိုတော့ ဖေဖေထက်သားကပိုပြီးမြင့်တော့ အဝေးကြီးကို လှမ်းမြင်ရလို့ ပျော်စရာကြီး။

မေမေက ဖေဖေ့ပုဆိုး တစ်ထည်ကို ဆင်နှာမောင်းလုပ်ပြီး ဖေဖေ့ခေါင်း ပေါ်မှာပတ်၊ သားကို ဖေဖေ့ ကျောပြင်ပေါ်တင်လို့၊ ဆင်ကြီးစီးမယ်နဲ့ ဆင်စီးတမ်း ကစားခဲ့တယ်။ ပထမ ဖေဖေဆင်ကြီး စထွက်သွားတော့၊ လှုပ်လှုပ်နဲ့သားကမစီးရဲဘဲ မေမေ့ကိုလှမ်းကိုင်ထားတယ်။ မေမေက ဖေဖေဆင်ကြီးကို မြဲမြဲကိုင်ထားပြောလို့ သားက ဖေဖေဆင်ကြီးကို အတင်းဆွဲလိုက်တော့၊ ဖေဖေက မကျပါဘူး သားရယ်၊ ရဲရဲသာစီးပါတဲ့၊ အဲဒီလိုပြောတော့ သားကမကြောက်တော့ဘူး။ ဖေဖေဆင်ကြီးကိုစီးရတာ သားပျော်ပါတယ်။

သားရဲ့လက်နဲ့ခြေထောက်ကို ဖေဖေက ကိုင်ဆွဲပြီး၊ လေထဲမှာ ဝှေ့ရမ်းလိုက်တော့ သားက ကြောက်လန့်ပြီး အော်ငိုတယ်။ ဖေဖေက အောက်ကို ပြန်ချပေးတယ်။ သားက မေမေ့ဆီကို ပြေးသွားတော့ မေမေက လှမ်းချီပြီး မွှေးမွှေးပေးလို့ သားပျော်သွားတယ်။ သားနဲ့အတူတူ မေမေနဲ့ဖေဖေရှိ နေတော့ သားမကြောက်တော့ဘူး။ လေယာဉ်ပျံကြီး စီးရအောင်လို့ ဖေဖေပြောရင် သားကလက်နှစ်ဘက်ဆန့်တန်းပြီး၊ ဝူး...ဝူး...ဝီ...ဝီ...အော်သံပေးလို့ လေထဲမှာ ပျံဝဲရတာ ပျော်ဖို့ကောင်းတယ်။ ဖေဖေက ရပ်လိုက်ရင်၊ သားက လေယာဉ်ပျံကြီး လုပ်ပါအုံး... လုပ်ပါအုံး... သားမကြောက်တော့ပါဘူး။

မေမေ့ရဲ့မေတ္တာအကြင်နာ၊ ဖေဖေ့ရဲ့ခိုင်မြဲသန်စွမ်းတဲ့လက်က သားကို သတ္တိတွေ မွေးပေးတာ။ သားမကြောက်တော့ဘူး။... သားပျော်နေပါတယ်။

အခု ကျွန်တော် ဖခင်တစ်ယောက်ဖြစ်နေပါပြီ။ ဖေဖေ မေမေတို့ ပေးခဲ့တဲ့ ရဲတင်းတဲ့သတ္တိမျိုး၊ ကျွန်တော့်ရဲ့ သားလေးကို လက်ဆင့်ကမ်းကာ သင်ပေးရအုံးမယ်။ ဘဝနဲ့ရင်းပြီ ရခဲ့တဲ့ သတ္တိက ခိုင်မြဲခိုင်ခံ့စေပါတယ်။

စဉ်းစားကြည့်ပါ... ကျွန်တော်တို့ ကိုးကွယ်ယုံကြည်တဲ့ ကောင်းကင်ဘုံရှင်အဘရဲ့ မေတ္တာတော် အရိပ်အောက်မှာ လုံခြုံစိတ်ချရသလို၊ အဗ္ဗအဘရဲ့ လက်တော်ဟာ ခိုင်မြဲပါတယ်။ ထို့အတူ ဂတိတော်လည်း အစဉ်တည်ပါတယ်။

**မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။**
**မကြောက်နှင့်။ သင်၏ဘုရားသခင် ငါသည် သင့်ကိုခိုင်ခံ့စေမည်။**
**သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။ ဟေရှာယ၊၄၁း၁၀**

ကျွန်တော်တို့ အယောက်စီတိုင်း အဘဘုရားသခင်ရဲ့လက်တော်ကို မြဲမြံစွာ ကိုင်ဆွဲထားသမျှ ကာလပတ်လုံး ဘယ်နည်းနဲ့မှ မကျနိုင်ပါ။ ရဲတင်းတဲ့သတ္တိမျိုးသာ လိုအပ်ပါသည်။ စိတ်သာချလိုက်ပါ။ ရွှင်လန်းခြင်းရရှိလိမ့်မည်။ ။

♣ **ဖေဖေရဲ့__သား**

# ဖေဖေ့ကိုမေ့လို့မရနိုင်တဲ့ ၊ အကြောင်းအချက်လေးတွေ

သေသောသူ–ကြာရင်မေ့ ဆိုရိုးစကားရှိပေမဲ့၊ သမီးကတော့ ဖေဖေ့ကို အချိန်မရွေး အောက်မေ့လွမ်းဆွတ်လျက်ပါ။ လာမဲ့ ၂၀၁၀ ဇူလိုင်လ ၄ရက် ဆိုရင် ဖေဖေ့ကို ဘုရားသခင် ပြန်ခေါ်သွားတာ (၁၉) နှစ်ပြည့်ပြီ။ အခုလို ဖခင်များနေ့အတွက် တစ်ခုခုရေးပါဆိုတော့ ဘာရေးရင်ကောင်းမလဲ စဉ်းစားမိတယ်။ ခေါင်းထဲမှာ **ဖေဖေ ပြောဆိုဆုံးမခဲ့တဲ့ အဖိုးတန်စကားတွေ** ထဲက တချို့ကို ပြန်ပြီးဝေမျှချင်တဲ့ စိတ်ကူးရတာနဲ့ ရေးလိုက်ပါတယ်…။

ဘုရားသခင်ကိုယုံကြည်ခြင်းနဲ့ပတ်သက်ပြီး ဖေဖေက ဒီလိုပြောခဲ့ပါတယ်…။

သမီးတို့ ဖေဖေတို့ ကိုးကွယ်ယုံကြည်တဲ့ ဘုရားဟာ မနေ့၊ ယနေ့၊ နောင်ကာလ တစ်လျှောက်လုံး မပြောင်းလဲဘဲ အသက်ရှင်တဲ့ ဘုရားဖြစ်တဲ့ အပြင် ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည် တိုင်အောင် သင်တို့နဲ့အတူ ရှိမယ်ဆိုတဲ့ ဂတိကို အတိအကျ ပေးထားတဲ့ ဘုရားဖြစ်တယ်။ ဒါကြောင့် လောကမှာ အသက်ရှင်တဲ့ အခါမှာ ဘာအခက်အခဲ စိတ်ပျက်အားငယ် စိတ်ဓါတ်ကျစရာတွေဘဲ တွေ့တွေ့ ဘုရားမရှိတဲ့ သူတွေလို ပူပန်ကြောင့်ကြခြင်း မရှိဘဲ **ငါကားသင်၏ဘုရား** ဆိုတာကို တသက်လုံး မမေ့ဘဲ အသက်ရှင်ပါ၊

နောက်တခု ဖေဖေပြောခဲ့တာက အလုပ်လုပ်တာနဲ့ ပတ်သက်တဲ့ အကြောင်းပါ။

သားသမီးတွေကလည်း ပညာသင်မဲ့အရွယ်မှာ စာကျက်လေ့လာသင်ယူရမဲ့အလုပ်၊ လူကြီးတွေကလည်း စားဝတ်နေရေးအတွက် လုပ်ကိုင်ရတဲ့အလုပ်၊ အိမ်ထောင်မှာ မိဘက အိမ်ထောင်ကို ပြုစုတဲ့ အလုပ်၊ သားသမီးကမိဘကို ကူညီတဲ့အလုပ်၊ အသင်းတော်မှာလည်း အသင်းတော်ရဲ့ကောင်စီဝင် အလုပ်သာမက ဘုရားသားသမီး ဖြစ်တဲ့သူတိုင်း အမြင်မတော်တဲ့ အမှိုက်ကလေး တစ်ခုကောက်လိုက်တာ…၊ ဓမ္မသီချင်း စာအုပ်လေး နေရာတကျ ထားလိုက်တဲ့အလုပ်အဆုံး ကြီးကြီးမားမားကအစ အသေးအမွှားအထိပေါ့၊ ဘာပဲလုပ်လုပ် တာဝန်အရ မလုပ်မနေရဆိုတဲ့ စိတ်နဲ့တော့မလုပ်ပါနဲ့တဲ့။ ဘာဘဲ လုပ်လုပ် စေတနာမေတ္တာ အပြည့်နဲ့ ကိုယ်ရော စိတ်ပါ လုပ်ပေးပါတဲ့လေ။

ဒီလိုဘဲ၊ လိုအပ်သူတွေအတွက် ပေးလှူတဲ့အခါမှာလည်း ထင်ပေါ်ကျော်ကြားချင်တဲ့စိတ်၊ နှမြောတဲ့စိတ်၊ မလှူမနေရဆိုလို့ လှူရတဲ့စိတ်နဲ့ဘယ်တော့မှ မလှူမိဖို့မှာခဲ့ပါတယ်။ ကိုယ်မလိုချင်တာကိုမှ သူများကို ပေးတာမျိုး မလုပ်ဖို့နဲ့ သူများလိုအပ်တာကို ကိုယ့်မှာရှိတဲ့ အကောင်းဆုံးကို ပေးဖို့လဲပြောခဲ့ပါတယ်။

အဲဒီအချိန်တုံးက ကျောင်းသားအရွယ်ဆိုတော့…၊ ဖေဖေက ကျောင်းစာတစ်ခုထဲ ပညာမဟုတ်ဘူးနော်တဲ့…၊ နေ့စဉ် ကိုယ်မြင်ရကြားရ ဖတ်ရတဲ့ အရာတိုင်းဟာ ယူတတ်ရင် ကိုယ့်အတွက် တန်ဖိုးရှိတဲ့ အသိပညာ အတတ်ပညာတွေချည်းပဲတဲ့…၊ဒါကြောင့် ဘယ်နေရာသွားသွား ဘာပဲလုပ်လုပ် ပတ်ဝန်းကျင်မှာတွေ့ရှိသမျှထဲက ကိုယ့်အတွက် တန်ဖိုးရှိမဲ့အရာကို လေ့လာသင်ယူပြီး လက်တွေ့ဘဝမှာ အသက်ရှင်ပါတဲ့။

သမီးတို့ တက္ကသိုလ်ကျောင်းသူအရွယ် ရောက်လာတော့…၊ တချို့လူကြီးတွေရဲ့ စကားတွေ၊ တရား ဟောတာတွေကို အချင်းချင်းဝေဖန် တာတွေနဲ့ ပတ်သက်ပြီးတော့၊ ဖေဖေက လူတစ်ယောက်ရဲ့ အားနည်းချက်တစ်ခုကို ထောက်ပြီး သူ့ရဲ့ကောင်းမွန်တဲ့ ဆုံးမစကား၊ အလုပ်အကိုင်တွေကို လျစ်လျူမရှုဖို့နဲ့၊ သူများတွေကို မဆုံးဖြတ်ဖို့ ပြောပါတယ်။

နောက်ဆုံးတခုက…

အချိန်နဲ့ပတ်သက်ပြီး **ကိုယ်ရဲ့လက်ရှိအချိန်ကို ဘုရားအတွက် အများအတွက် အကောင်းဆုံး အကျိုးရှိရှိ အသုံးပြုဖို့** ပါဘဲ။ တချို့အမှား ပြုလုပ်ရာတွေကို ပြန်ပြင်လို့ရပေမဲ့၊ ကုန်သွားတဲ့အချိန်ကိုတော့ ဘယ်တော့မှ ပြန်မရနိုင်တဲ့အတွက် လက်ရှိအချိန်ကို တန်ဖိုးထားတတ်ဖို့ သေသေချာချာ မှာခဲ့ပါတယ်။

အခုလို ရေးလိုက်တော့မှဘဲ ဖေဖေပြောခဲ့တာတွေကို လိုက်နာတာလည်းရှိ မလိုက်နာတာတွေကိုလည်း ကွက်ကွက် ကွင်းကွင်း မြင်လာတယ်။ အချိန်လေးရှိတုန်း လိုက်နာဖို့လိုသေးတာတွေ လိုက်နာဖို့ ပြင်ရအုံးမယ်။ ဒီအချိန်မှာ အခုလို ပြင်ဆင်ပြောပြ ခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ။

ဖေဖေရဲ့သမီး/မွန်

---

## အိမ်ထောင်ဦးစီး ဖခင်

★ သမ္မာကျမ်းစာကတော့… ဖခင်ဟာ
ယဇ်ပုရောဟိတ်… ပရောဖက်အပြင်
ဘုရင်လည်းဖြစ်တယ်… ဆိုထားတယ်။
ဒီဂုဏ္ဍသုံးရပ်လုံး… ပိုင်ဆိုင်ရုံနဲ့… မပြီးသေးဘူး။
အောင်မြင်လုပ်ဆောင်နိုင်ပါမှ… အမြင့်ဆုံး
အိမ်ထောင်ဦးစီးဖြစ်တယ်တဲ့။

★ လောကဓမ္မတာအရ… ဖခင်ဟာ
အိမ်ထောင်၏… ရှေ့ဆောင်လမ်းပြ… ညာဏ်ရှိတယ်
ထက်မြက်တယ်… တွေးခေါ်နိုင်စွမ်းရှိတယ်။
အိမ်ထောင်၏… စွမ်းအားရှင်… ဖန်တီးတဲ့သခင်
ရှာဖွေကျွေးသမား… ကာကွယ်ပေးသူဖြစ်တယ်။

★ ကမ္ဘာဦးလူသားအစ…
အချင်းတို့…များပြားစွာမွေးဘွားကြလော့။
မြေကြီးကိုပြည့်စေ၍…နိုင်ကြလော့…ဆိုထားတယ်။
ဖခင်အတွက်မိခင်က…အထောက်အမ…လက်တွဲဖေါ်ပေါ့၊
တစ်သားတစ်ကိုယ်တည်းလေ။

★ ဖခင်ယောကျ်ားနဲ့… မိခင်မိန်းမတွေမှာ
မတူညီတဲ့…အရည်အသွေးတွေ…ကိုယ်စီရှိကြတော့၊

တစ်ဦးကိုတစ်ဦး…ပံ့ပိုးကူညီပါမှ…ပြီးပြည့်စုံတယ်။
တစ်ဦးရှိမှအခြားတစ်ဦးက…ပြည့်စုံမှုအပြည့်ရနိုင်တာ။
တစ်ဦးမပေးနိုင်တာ… အတင်းမတောင်းနဲ့၊
တစ်ဦးကလည်းမပေးနိုင်ဘဲ…လောကဝတ်မချော်နဲ့။

မေတ္တာဆိုတဲ့ချစ်ခြင်း…အပေးအယူမျှပေမှ…အောင်မြင်တဲ့
အိမ်ထောင်ဖခင်ပေါ့။

♠Smile

---

# Two Fathers

**By: Soe Mon /Goodycat**

*I have two fathers,*
*One is God and*
*The other is an Earthly Father.*

*God can do anything,*
*He blesses us and*
*Loves us and*
*He lives in Heaven.*

*My Earthly Father*
*is strong a lot,*
*he teaches us,*
*And he works so much*
*So he snores so much!*

*I love both of my Dads,*
*and*
**Happy Father's Day!**